# ၁၃၆၇ ခု ဝါဆိုလပြည့်နေ့

ဘုရားဖြစ်ခါ။ မိဂဒါသို့
စကြာရွှေဖွား၊ ဖြန့်ချိသွား၍
ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်
မဟီတသောင်း၊ တိုက်အပေါင်းမှ
ခညောင်းကပ်လာ၊ နတ်ဗြဟ္မာကို
ဝါဆိုလပြည့်၊ စနေနေ့ဝယ်
ကြွေ့ကြွေ့လျံတက်၊ ဓမ္မစက်ကို
မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်
တရားနတ်စည် ရွှန်းတယ်ကို။

—— လယ်တီဆရာတော်ဘုရား

ယခုနှစ် ဇူလိုင်လ ၂၀ရက်နေ့သည်ဝါဆိုလပြည့်နေ့ဖြစ်ပြီးဘုရားရှင်ဓမ္မစကြာတရားဦးဟောပြောခဲ့သောနှစ်ပတ်လည်အခါတော်နေ့ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကယခုလိုဝါဆိုလပြည့်နေ့ည၌ဦးယံလမင်းကြီးထွက်ပေါ်လာချိန်ဝယ်ရှင်တော်ဗုဒ္ဓကသစ္စာလေးပါးတရားတော်ကိုပဉ္စဝဂ္ဂီ ရဟန်း ၅ ပါးတို့အားဟောကြားခဲ့ပါသည်။ အစွန်း ၂ဖက်ကင်းသောအလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးမှသာနိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ကြလိမ့်မည်ဟုလည်းဟောတော်မူခဲ့ပါသည်။

ထိုအချိန်ကအိန္ဒိယနိုင်ငံအလယ်ပိုင်းမိဂဒါဝုန်ဒေသသည်သမင်ပေါင်းပျော်စံကြရာမွေ့ပျော်ဘွယ်ရာနေရာတခုဖြစ်ခဲ့ပါလိမ့်မည်။ နွေကုန်ပြီးစ မိုးမကျမီပါတ်ဝန်းကျင်ဝယ်ပုန်းညက်ချယား၊ စကား၊ စံပါယ်နှင့်မြလေးစသောပန်းပေါင်းစုံတို့၏ရနံ့တို့သည်ဝေ့လာသောလေပြေအေးနှင့်အတူသင်းသင်းပြန့်ပြန့်မွှေးခဲ့ကြပါလိမ့်မည်။ ဗုဒ္ဓရှင်တော်၏မျက်နှာတော်ကိုမြင်ရစဉ်အခိုက်အတန့်ဝယ် ကြည်လင်သန့်ရှင်းလှသောကြောင့် ဗုဒ္ဓတွင်တရားဦးရလေပြီဟူသော အသိဖြင့် သူလာလျှင်ခရီးဦးကြိုမပြုစတမ်းထားခဲ့ကြသော ကတိကဝတ် ကိုမေ့လျော့ပြီးရဟန်းငါးပါးမှာနေရာပေးသူပေး၊ သပိတ်ယူသူယူဖြင့်၊ လေးလေးမြတ်မြတ်ကြိုဆိုခဲ့ကြပါသည်။

ပဋိသန္ဓာရ စကားတွေကိုဆို၍အပြီးဝယ် "ငါ့ရှင်တို့"ဟုခေါ် ကာ "ဘိက္ခုနံ၊ပဉ္စဝဂ္ဂီနံ" အစချီသောကျွန်တော်တို့ဓမ္မစကြာတရားဦးဟု နားလည်ထားကြသော တရားဦးကို ဟောတော်မူခဲ့ပါသည်။ ဤလောက၌ပဋိသန္ဓေနေရခြင်းစသောဘဝဖြစ်ရခြင်းသည် ဒုက္ခ၊ ဆင်းရဲခြင်းဟုသာဆိုအပ်ကြောင်း၊ သူသူ ငါငါ ထင်မှတ်မှားနေကြသောအတ္တကိုယ်ကောင်ဟူ၍မရှိဘဲအနတ္တတရားကသာစိုးမိုးကြောင်း၊ ထိုဒုက္ခတို့မှကင်းဝေးရာနေရာအမှန်မှာ နိဗ္ဗာန်ဟုဆိုအပ်ကြောင်း၊ ထိုမြတ်နိဗ္ဗာန်ကိုမျက်မှောက်ပြုရန်မှာ မဂ္ဂင်ရှစ်ပါးဟုဆိုအပ်သောတရားလမ်းကြောင်းအတိုင်း လိုက်နာကြရမည်ဖြစ်ကြောင်းဟောပြခဲ့ပါသည်။

နိဗ္ဗာန်သို့ဆိုက်ရောက်နိုင်ရန်အတွက်ကျင့်ကြံရာတွင်အစွန်းရောက် တရားများကိုပယ်၍ မဇ္ဈိမပဋိပဒါခေါ်အလယ် အလတ်လမ်းစဉ်အတိုင်းလိုက်နာကျင့်ကြံကြရမည်ဟုဗုဒ္ဓလမ်းစဉ်ကဟောညွှန်ပြခဲ့ပါသည်။ ထိုတရားတော်များကို မြန်မာပြည်မှာယခုဆိုလျှင်နှစ်ပေါင်း ၂၅၀၀ ကျော်ကြာအောင်တဦးမှတဦးလက်ဆင့်ကမ်း၍သယ်ဆောင်ခဲ့ကြပါသည်။ ဗုဒ္ဓလမ်းစဉ်လွှမ်းမိုးသော၊ ဗုဒ္ဓအယူဝါဒဖြင့်မွှန်းထုံအပ်သော၊ ဗုဒ္ဓယဉ်ကျေးမှုတခုကိုမြန်မာပြည်မှာကျွန်တော်တို့ဘိုးဘွားများအပါအဝင်ခေတ်အဆက်ဆက်ကမြန်မာကြီးများလက်ဆင့်ကမ်းထိမ်းသိမ်းစောင့်ရှောက်ခဲ့ကြပါ၏။

ကျွန်တော်တို့နိုင်ငံမှာ ယခုလိုဝါဆိုလပြည့်နေ့ရောက်ပြီဟုဆိုလျှင် ကြီးငယ်မဟူ ဘုရားကျောင်းကန်သွား၍ ဥပုပ်သီတင်းဆောက်တည်ကြရမြဲဖြစ်ပါသည်။ အဖိုးအဖွားမိဘများနှင့်တကွအိမ်ရှိလူကုန် မင်္ဂလာအပေါင်းနှင့်ပြည့်စုံ သောအခါသမယဝယ်ကုသိုလ်ကောင်းမှုပြုကြမြဲဖြစ်ပါသည်။ အိမ်ရှိဘုရားစဉ်မှာသစ်သီးပန်းမာန်အပြည့်အစုံနှင့် ဝေဝေဆာဆာ ပူဇော်ဆီးကပ်ကြမြဲဖြစ်ပါသည်။ ဘုရားမှာဖြစ်စေကျောင်းမှာဖြစ်စေမင်္ဂလာအပေါင်း

နှင့်ပြည့်စုံသောတရားတော်မြတ်ကိုဟောသူကဟော၍နာသူကနာကြပါသည်။ ရုံးပိတ်ကျောင်းပိတ်ရက်ဖြစ်သောကြောင့်သတ်သတ်လွတ်စား၍ကုသိုလ်ယူကြပါသည်။

ဗုဒ္ဓရှင်တော်မြတ်၏တရားဒေသနာတော်ကြောင့်ကျွတ်တန်းဝင်သွားကြကုန်သောအာဇာနည်ပုဂ္ဂိုလ်မြတ်တို့မှာခေတ်အဆက်ဆက်မြန်မာပြည်သမိုင်းဝယ်ရေတွက်မကုန်နိုင်အောင်များပြားခဲ့ပါပေသည်။သားသမီးကို သာသနာဘောင်သွတ်သွင်းကြသူတွေ၊ အလှူဒါနပြုကြသူတွေနှင့် စည်သံ ဗျောသံတို့ချိမ့်ချိမ့်ညံနေကြပါလိမ့်မည်။ ငယ်သူကိုကြီးသူကကူညီ၊ အားနည်းသူကိုအားကြီးသူကဖေးမ၍လူ့ဘုံလောကဝယ်ပြဟ္မဇိုလ်တရားထွန်းကားရခြင်းသည်ဗုဒ္ဓ၏ဟောပြချက်များကြောင့်ပင်ဖြစ်ရပါမည်။



ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောတော်မူပုံ

ကျွန်တော်တို့ငယ်စဉ်ကအသက် ၂၀ မှာကွန်မြူနစ်မဖြစ်လျှင်ဉာဏ်အဆင့်မှီဘူးဟုဆိုကြသည်ကိုကြားဘူးပါသည်၊ ကျွန်တော်ကမူ အသက် ၄၀ မှာ မြန်မာပြည်မှာနေ၊ မြန်မာဖြစ်ပြီး ဗုဒ္ဓတရားတော်၏ အနှစ်သဘောကိုမခြုံငုံမိဘူးဆိုလျှင်ဉာဏ်အဆင့်နိမ့်သည်ဟုသာဆိုချင်ပါသည်။ ကွန်မြူနစ်စံနစ်မှာမြန်မာ့လူနေမှုစံနစ်နှင့် မကိုက်ညီတော့သော်လည်း ဗုဒ္ဓ၏ဝါဒမှာခေတ်ကြီးတိုးတက်လေလေ၊ အဆင့်မှီလေဖြစ်လာပါသည်။

ဗုဒ္ဓ၏အဆုံးအမ ကိုရှိသေစွာနာခံ၍ မဂ္ဂင်လမ်းပေါ်သို့တက်လှမ်းလိုက်ပြီဆိုသည်နှင့် လူတို့တွင်လောဘ၊ဒေါသ၊ မောဟတရားတို့သည်သိသိသာသာကြီးလျော့နည်းချုပ်ပျောက်ကြရမည်ဖြစ်ပါသည်။ တဦးကိုတဦး သာတူညီမျှ ဆက်ဆံကြမည်ဆိုလျှင်လောကလူ့ဘောင်သည်သာယာအေးချမ်းနိုင်ပါလိမ့်မည်။ ဤတရားတော်မြတ်သည်မြန်မာနိုင်ငံမှာထွန်းပနေခြင်းဖြစ်ပေရာယခုအချိန်သည်ဗုဒ္ဓဘာသာဝင်တိုင်းအဖို့တန်ဘိုးကြီးလှသောအချိန်ဖြစ်ပါပေသည်။

ဗုဒ္ဓ၏ကမ္မဋ္ဌာန်းကျင့်စဉ်ကိုသင်ကြားပို့ချပေးရာကိုယ်တိုင်ကျင့်ကြံအားထုပ်နိုင်ရန်အကူအညီပေးနိုင်သောကျောင်းတိုက်များမှာမြန်မာပြည်အနှံ့မှာရှိနေကြပါသည်။ ထိုတရားစခမ်းများမှာတရားအားထုပ်သူတွေဉာဏ်စဉ်အဆင့်ဆင့်တက်လှမ်းကြသူတွေဖြင့်အမြဲတစေစည်ကားသိုက်မြိုက်နေခဲ့ကြပါသည်။ တရားအဆင့်ကိုစစ်ဆေးပေးနိုင်မည့်သံဃာတော်အရှင်မြတ်များမှာလည်းတရားစစ်ဖို့အဆင့်မြှင့်တင်ပေးဘို့မြို့ရွာအနှံ့အဆင်သင့်ရှိနေကြပါပေသည်။

ခန္ဓာဉာဏ်ရောက်တရားပေါက်ပြီး အရဟတ္တဖိုလ်သို့မျက်မှောက်ပြုပြီးကြသောရဟန္တာအရှင်မြတ်များမှာလည်းနိုင်ငံတွင်းမှာမရေမတွက်နိုင်လောက်အောင်ပေါများခဲ့ပါပြီ၊

ဗုဒ္ဓရှင်တော်မြတ်ကသူ့အသက်ကိုသတ်ခြင်း၊ သူ့ဥစ္စာကိုမတရားခိုးယူခြင်းလိမ်ညာပြောဆိုခြင်း၊ သူတပါးသားမယားကို ပြစ်မှားကျူးလွန်ခြင်း၊ အရက်သေစာသောက်စားခြင်း၊စသည်တို့ကိုမပြုလုပ်ရဟုတားမြစ်တော်မူပါသည်။ဤသည် မှာလူ့ဘုံဘဝလူဖြစ်ရ သည့် ခဏတာအတွင်းဒုက္ခဝေနာတို့မှကင်းဝေးရာကင်းဝေးကြောင်းလိုက်နာကြရ မည့်ဆေးနည်းကောင်းများဖြစ်ကြပါပေသည်။ တကမ္ဘာလုံး ကလူပေါင်းမြောက်များစွာဤမြတ်တရားကိုလိုက်နာကြမည်ဆိုလျှင်ဤကမ္ဘာမြေသည်နေထိုင်ဘွယ်ရာအကောင်းဆုံးနေရာဖြစ်ပါလိမ့်မည်။

ရပြီးသမျှ ဤဘဝကလေးဝယ်နေရခိုက်တွင်ကျွန်တော်တို့သည်အိုကြနာကြသေကြရပါလိမ့်မည်။မိမိကိုယ်မိမိအစိုးမရသောဤလောကဝယ်ဘုရားရှင်သော်မှဤဒုက္ခများမှမလွတ်ကင်းနိုင်ပါ။ သမုဒ္ဒရာထက်ခဏတက်သည့်ရေပွက်ပမာတိုတောင်းလှသောဘဝတာဝယ်ဒေါသကြီးခြင်း၊ မာနထောင်လွှားခြင်းတို့ဖြင့်အဝိဇ္ဇာအမှောင်ဖုံးနေခဲ့ပါလျှင်လူ့ဘဝကိုအရတော်သည်ဟုမဆိုနိုင်ပါ။ ရသမျှစည်းစိမ်ကိုမြဲသည်ဟူ၍အယူအဆလွဲမှားပြီးလောဘမသတ်နိုင်ကြပါလျှင်တသံသရာလုံးလွဲသွားနိုင်ပါသည်။

ကံကြီးထိုက်သူ၊ ကြီးလေးသောရာဇဝတ်မှုကြီးများကို ကျူးလွန်သူ၊ တို့မှအပဗုဒ္ဓ၏ကျင့်စဉ်များကလူပုဂ္ဂိုလ်တဦးကိုမကောင်းသောအပါယ်ဘုံများမှလွတ်ကင်းအောင်၊ မြင့်မြတ်သောဘဝ

များ၍သာတဖန်ဖြစ်ကြရအောင်တွန်းတင်ပေးနိုင်ပါသည်။ ဗုဒ္ဓကလူပုဂ္ဂိုလ်တိုင်းကိုလာလှည့်ပါ၊ တရားအားထုပ်လှည့်ပါဟုဖိတ်ခေါ်ထားပါသည်။ အင်္ဂုလိမာဠကဲ့သို့ မိဘကိုသတ်အံ့မူးမူးလူများ ကိုပင်ကယ်တင်နိုင်ခဲ့သောပုံပြင်သက်သေများရှိပါသည်။

လူ့လောကတွင်လူဖြစ်ရခိုက်၌ လောဘ၊ ဒေါသ၊မောဟအမိုက်မှောင်ဖုံးပြီးအမှန်နှင့်ကင်းဝေးမနေမိစေရန်အရေးကြီးလှပါသည်။ ကံ၊ ကံ၏အကျိုးဟုဆိုအပ်သော မိမိ၏အလုပ်ကသာမိမိ၏အနာဂါတ်ကိုဖန်တည်းခြင်းဖြစ်ပေရာအပါယ်ဘုံကိုမသွားရဘို့ ယခုဘဝတွင်ပင်မကောင်းမှုမှရှောင်ရှားကြရန်အရေးကြီးလှပါသည်။

ယခုအခါသာသနာ့အရိပ်အာဝါသနှင့်အေးချမ်းခဲ့ရာကျွန်တော်တို့နိုင်ငံမှာလက်နက်နှင့်အာဏာကိုအနိုင်ကျင့်ယူထားသူတစုတို့ကြောင့်တရားမဲ့ချင်တိုင်းမဲ့နေသည်မှာဝမ်းနည်းဘွယ်ကောင်းလှပေသည်။ ဝါဆိုလပြည့်အခုလိုမင်္ဂလာအပေါင်းခညောင်းသည့်နေ့မှာပင်အမေရိကန်လွှတ်တော်ကမြန်မာပြည်နှင့်ကုန်သွယ်ခြင်းကိုချုပ်ချယ်တားမြစ်သည့်ဥပဒေကိုနောက်ထပ်တနှစ်သက်တမ်းတိုးလိုက်ပါသည်။ ASEAN အဖွဲ့ကြီးကဥက္ကဋ္ဌရာထူးကိုမိမိဖါသာငြင်းပယ်ပါဟုစစ်ခေါင်းဆောင် များကိုတိုက်တွန်းနေပါသည်။ ပြည်တွင်းမှာတော့ပစ္စည်းရှားပါးမှု၊ ကုန်ပစ္စည်းဈေးကြီးမှု၊ မီးရေအချိန်မမှန်မှု၊ ဥပဒေမဲ့ဖမ်းဆီးထောင်ချမှု၊များဖြင့်ပြည်သူလူထုကြီးမှာဒုက္ခပေါင်းစုံကိုခါးစည်းခံကြရသည့်အချိန်ဖြစ်ပါသည်။

တိုင်းပြည်ကို အုပ်ချုပ်သည့် ဗိုလ်ချုပ်ကြီးများမှာဘုရားတည်ခြင်း၊ ထီးတင်ခြင်း၊ များပြုလုပ်ကြသလို သံဃာတော်များကိုဖမ်းဆီးထောင်ချ၊လူဝတ်လဲခြင်းများကိုလည်းပြုလုပ်နေကြပါသည်။ တိပိဋကဆရာတော်များကိုထောင်ချသည့်နည်းတူဆွမ်းစားရန်ငြင်းဆန်လျင်လည်းဖမ်းဆီးထောင်ချနေပါသည်။

သည်နှစ်ဝါဆိုလပြည့်နေ့ သည်ဗုဒ္ဓကိုရည်မှန်း၍ကုသိုလ်ဒါနပြုနိုင်၊ ယူနိုင်ကြသည်ဆိုစေ၊ ဘုရားမကြိုက်သောအလုပ်ကိုပြောင်ပြောင်ကြီးလုပ်ရဲသည့်စစ်ဗိုလ်တစုကြောင့်သာသနာ၏အရောင်သည်ထိန်ထိန်လင်းသင့်သလောက်မလင်းနိုင်ပြီဟုသာဆိုရပေလိမ့်မည်။